**နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရန် ကိုအောင်းမှိုင်းဆန်း၏ တောင်းဆိုမှုကို**

**လူ့အခွင့်အရေးကာကွယ်သူများဖိုရမ်မှ ထောက်ခံ**

လူ့အခွင့်အရေးကာကွယ်သူများဖိုရမ် ဦးဆောင်ကော်မတီ

(၂၇) ရက်၊ အောက်တိုဘာလ၊ ၂၀၁၅

ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုအောင်မှိုင်းဆန်းသည် သာယာဝတီထောင်တွင်း မြန်မာနိုင်ငံတဝန်းရှိ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် အစာငတ်ခံဆန္ဒထုတ်ဖော်နေသည်မှာ (၅) ရက်မြောက်နေ့သို့ ရောက်ရှိပြီဖြစ်သည်။ ကိုအောင်မှိုင်းဆန်းသည် အခြားကျောင်းသားများနှင့် ဝန်းရံပြည်သူများနှင့်အတူ ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်တွင် ရဲများက ကျောင်းသား သပိတ်အား အကြမ်းဖက် ဖြိုခွင်းရာတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ အမျိုးသားပညာရေးဥပဒေ ဆန့်ကျင်ဆန္ဒ ထုတ်ဖော်သော လှုပ်ရှားမှုများတွင် ပါဝင်မှုကြောင့် ၂၀၁၅ ခုနှစ် အစောပိုင်းတွင် ကျောင်းသားများနှင့် ဝန်းရံပြည်သူ စုစုပေါင်း (၇၀) ကျော် ဖမ်းဆီးအရေးယူ ချုပ်နှောင်ခံခဲ့ရသည်။ *နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP)* နှင့် *Amnesty International* တို့၏ စာရင်းများအရ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ (၁၀၀) ခန့် ရှိနေပြီး အမှုရင်ဆိုနေရသူပေါင်း ရာပေါင်းများစွာ ရှိနေသည်။ လွန်ခဲ့သော ရက်သက်တစ်ပတ် အနည်းငယ်တွင်လည်း မချောစန္ဒီထွန်း၊ ပက်ထရစ်ခွန်ဂျာလီ၊ ခင်ခင်ကျော်၊ ထင်ဇော်၊ ဇော်လူစိုး အပါအဝင် လူအခွင့်အရေး ကာကွယ်သူများစွာ ဖမ်းဆီးခံခဲ့ရသည်ကို တွေ့ရသည်။

*လူ့အခွင့်အရေးကာကွယ်သူများဖိုရမ် (HRDF)* အနေဖြင့် ကိုအောင်မှိုင်းဆန်း၏ ကျန်းမာရေးအခြေအနေအပေါ် စိုးရိမ်သည့်တစ်ချိန်ထဲတွင် သူ၏ နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေး တောင်းဆိုချက်အပေါ် သူနှင့်အတူ အပြည့်အဝ ထောက်ခံရပ်တည်ပါသည်။ နိုင်ငံရေးအကျဉ်းသားများစွာသည် တက်ကြွလှုပ်ရှားမှုများကို ငြိမ်းချမ်းစွာ ဆောင်ရွက်ခြင်း၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်ကို ငြိမ်းချမ်းစွာ အသုံးပြုရုံဖြင့် ဖမ်းဆီးချုပ်နှောင်ခံထားရသည်။ ထောင်အာဏာပိုင်များအနေဖြင့် ကိုအောင်မှိုင်းဆန်းအား လိုအပ်သော ကျန်းမာရေးစောက်ရှောက်မှုနှင့် သတင်းအချက်အလက်ရယူခွင့် အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ HRDF သည် ငြိမ်းချမ်းစွာ လှုပ်ရှားနေသော တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေး ကာကွယ်သူများကို နည်းမျိုးစုံဖြင့် ဆက်လက်ဖိနှိပ်ခြင်း၊ အရေးယူဒဏ်ခတ်ခြင်းကို ရှုပ်ချပါသည်။ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ကိုအောင်မှိုင်းဆန်းအပါအဝင် နိုင်ငံရေးအကျဉ်းသားများနှင့် ဖမ်းဆီးထိမ်းသိမ်းခံထားရသူများအားလုံးကို ချွင်းချက်မရှိချက်ချင်း လွှတ်ပေးရန်နှင့် မိမိ၏ လူ့အခွင့်အရေးကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ကျင့်သုံးခြင်းကြောင့် တရားစွဲဆိုခံထားရသူများ၏ အမှုများအားလုံးကို ပယ်ဖျက်ပေးရန် အလေးအနက်တောင်းဆိုပါသည်။

လူ့အခွင့်အရေးကာကွယ်သူများဖိုရမ် ဦးဆောင်ကော်မတီတွင် လူ့အခွင့်အရေးကွယ်သူများ၏ လုံခြုံရေးအတွက် စုပေါင်းလုပ်ဆောင်နေကြသော ပြည်တွင်းနှင့်နိုင်ငံတကာ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ ပါဝင်ပါသည်။

***ဆက်သွယ်ရန်*** *- ကိုထူးကျော်ဝင်း (လူ့အခွင့်အရေးကာကွယ်သူများဖိုရမ်) +၉၅ (၀) ၉၇၉၄၃၀၀၉၅; သွင်လင်းအောင် (Genuine People Servant) +၉၅ (၀) ၂၅၀၇၉၅၉၁၅; သက်ဆွေဝင်း (National Youth Congress) +၉၅ (၀)၇၉၈၄၂၃၉၀၂*

ဤကြေညာချက်ကို အောက်ပါအဖွဲ့အစည်းများမှလည်း ပါဝင်ထောက်ခံပါသည်။

1. Action Committee for Democracy and Development
2. National Youth Congress
3. Yangon Youth Network
4. Equality Myanmar
5. Human Rights Educators Network
6. Pandita Development Institute
7. Green Trust Pyin Oo Lwin
8. Smile Education and Development Foundation
9. Generation Wave
10. Forum for Democracy in Burma
11. Genuine People Servant
12. Women Peace Network-Arakan
13. Civil Rights Defenders
14. Burma Partnership
15. Peace Machine
16. Independent Youth For Change
17. ပန်းပျိုးလက်လူငယ်စင်တာ
18. Golden Generation
19. MasterPeace Myanmar Club
20. ကဗျာချစ်သူများအသင်း
21. MYAO Youth Action Group
22. ချင်းစာပေနှင့် ယဉ်ကျေးမှု
23. သာကီနွယ်ဖွားဓမ္မလူငယ်များကွန်ယက်
24. Precious Hands
25. Peace Cultivation Network ( Youth Department)
26. ရှမ်းလူငယ် (ရန်ကုန်)
27. Giving Hands (Bago)
28. Simple to Smart
29. ကိုးကန့် လူမှုဖွံ့ဖြိုးရေး အသင်း
30. ရန်ကုန် လိုင်ဇာ ငြိမ်းချမ်းရေး လမ်းလျှောက်အဖွဲ့

31. အဖြူရောင် တွဲလက်များ
32. ဂရုဏာရောင်စဉ်တန်းများ
33. Light House Network
34. Renovator Youth Network
35. Heart to Heart
36. Millenium Light Development Organization
37. Humanatralion Cycle
38. New History Organization
39. Myanmar Youth Social and Education Local Focus(MYSELF)
40. မျိုးဂုဏ်မြင့် လူငယ်များ